## ပန်းချီဆရာကြီး ဒေါက်တာ ဦးလွန်းကြွယ်၏ အမှာစာ

ကမ္ဘာပေါ်တွင် တိုင်းပြည်အသီးသီး၊ လူမျိုးအသီးသီးရှိကြရာ၊ ၄င်းတို့၏ယုံကြည်ရာ၊ နှစ်သက်ရာ၊ ယဉ်ကျေးမှုဓလေ့ထုံးစံ အမျိုးမျိုးဖြင့် ရပ်တည်နေကြပြီး ၄င်းတို့၏ ပန်းချီအနုပညာ စွမ်းအားစိတ်ဖြင့် ၄င်းတို့၏ စွမ်းရည်ပြ ပန်းချီအနုပညာ လက်ရာများကို စုပေါင်း၍လည်းကောင်း၊ တသီးပုဂ္ဂလအားဖြင့်လည်းကောင်း ပြပွဲများပြုလုပ် ခင်းကျင်းပြသကြသည်။ ပန်းချီအနုပညာပြပွဲ၏ အဓိပ္ပါယ်မှာ "မျှဝေခံစားခြင်း" ဖြစ်ပါ၏။

စေတနာမေတ္တာကို အရင်းခံ၍ ဆောင်ရွက်သော အလုပ်ဖြစ်သဖြင့် အမြဲတန်း ကြိုဆိုရမည် ဖြစ်ပါသည်။ လူသားတိုင်းသည် မိမိ၏ဘဝပေး အတွေးအကြံများအရ သိရှိလာသော အသိဥာဏ်ကို လူသားအကျိုးပြု အဖြစ် လက်ဆင့်ကမ်းအလုပ်ကို စာပေစကား၊ ပန်းချီ၊ ပန်းပု၊ ဂီတ၊ ရုပ်ရှင် သဘင်အားဖြင့် မျှဝေခံစားကြပါသည်။ ယခု ကိုဦးမောင် (တက္ကသိုလ်) အမည်ရ စာရေးဆရာ ပန်းချီတင်မောင်လွင် အငြိမ်းစားပါမောက္ခ/ ဌာနမှူး (ပန်းချီ)ယဉ်ကျေးမှု တက္ကသိုလ်(ရန်ကုန်)မှ သူရေးသော ၂၀၁၈-၂၀၁၉ ရန်ကုန်မြို့တော် ပန်းချီပြပွဲများ အနုပညာလေ့လာသည် ပန်းချီပန်းပုမြင်ကွင်း အပတ်စဉ်ဆောင်းပါးများ စာအုပ်အတွက် အမှာစာ ချီးမြှင့်ရန် စာဖိုင်ရောက် လာပါသည်။


ပန်းချီအနုပညာပြပွဲများ၏ ရည်ရွယ်ချက်မှာ အနုပညာယဉ်ကျေးမှု ပြန့်ပွားရေးကိုစွ ဆောင်ရွက်ခြင်း ဖြစ်ပါသည်။ ယဉ်ကျေးတဲ့ စိတ်တွင်းမှာမှ အနုပညာ ကိန်းပါသည်။ အနုပညာမြင့်မှ တိုင်းပြည်နဲ့လူမျိုး မြင့်ပါမည်။ ထို့ကြောင့် ကမ္ဘာပေါ်တွင် ယဉ်ကျေးမှု ဖလှယ်ရေး စီမံကိန်းများ ဆောင်ရွက် ကြပါသည်။ ယခုထုတ်ဝေသော ပန်းချီအနုပညာပြပွဲများပါ ဆောင်းပါးစာစု များတွင်

(၁) ပြပွဲပြသမှု ပန်းချီအနုပညာရှင်၏ စေတနာ၊ စွမ်းဆောင်ရည်၊ ပေးလို သော သတင်းစကား၊ ခံစားစေလိုသောရသ၊ မျှဝေလိုသော စိတ်ဓါတ် တို့သည်

(၂) ပြပွဲလာ ကြွရောက်ကြည့်ရှုခံစားသူ အပေါင်းအား ထပ်တူ ထပ်မျှသော ရသ၊ ခံစားချက် အမျိုးမျိုးကို မျှဝေ၍ ခံစားလျှက် အတူရ စိမ့်သောငှာ အတ္တ-ပရ ၂ မျိုး အကျိုးဆောင်မြင်ခြင်း ဖြစ်သည်ဟု တင်ပြရင်း

(၃) ဤဆောင်းပါးများ၏ အကျိုးအာနိသင်ကို ကိုယ်တိုင်ခံစား ကြပါ စေကြောင်း အမှာစာရေးသားအပ်ပါသည်။

ကိုယ်စိတ်နှစ်ဖြာလိုရာပြည့်စုံကြပါစေ



၃၀-၁၁-၂၀၁၉